UVA GLOBAL | BDFWG Burmese Democratic Futures Working Group

# ၂၀၂၅ ခုနှစ်၊ မတ်လ အနှစ်ချုပ်

## အရပ်သားများအပေါ် အကြမ်းဖက်မှု

| | | | |
|---|---|---|---|
| ၂၄၁ ဦး | အရပ်သား အသတ်ခံရမှု | ၃၀၃ ဦး | အရပ်သား ဖမ်းဆီးခံရမှု |
| ၄၇ | အမျိုးသမီး အသတ်ခံရမှု | ၁၆၁၉ လုံး | နေအိမ်မီးရှို့ပျက်စီးမှု |
| ၂၄ ဦး | ကလေးများ | ၁၆၉ ကြိမ် | လေကြောင်းတိုက်ခိုက်မှု |

### မတ်လအတွင်း အရပ်သား ထိခိုက် / သေဆုံး / ဆုံးရှုံးမှုများ

၂၀၂၅ ခုနှစ်၊ မတ်လအတွင်း မြန်မာနိုင်ငံအနှံ့အပြားတွင် စစ်ကောင်စီတပ်၏ လေကြောင်းနှင့် လက်နက်ကြီး ပစ်ခတ်တိုက်ခိုက်မှုကြောင့် အရပ်သားပြည်သူ ၂၄၁ ဦး သေဆုံးခဲ့ပါသည်။ ထိုအထဲတွင် ကလေး ၂၄ ဦး၊ အမျိုးသမီး ၄၇ ဦး ပါဝင်ပါသည်။

- တနင်္သာရီတိုင်းတွင် သေဆုံးမှုဦးရေမှာ အများဆုံးဖြစ်ပြီး ၅၇ ဦး သေဆုံးခဲ့ပါသည်။ မကွေးတိုင်းတွင် ၅၂ ဦး၊ ရခိုင်ပြည်နယ်တွင် ၃၉ ဦး၊ မန္တလေးတိုင်းတွင် ၂၉ ဦး၊ ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ၂၄ ဦး၊ ပဲခူးတိုင်းတွင် ၁၃ ဦး၊ စစ်ကိုင်းတိုင်းတွင် ၁၁ ဦး၊ ကချင်ပြည်နယ်တွင် ၆ ဦး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၃ ဦးစီ၊ ကရင်နီပြည်နယ်တွင် ၂ ဦး၊ ဧရာဝတီတိုင်းနှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် ၁ ဦးစီတို့ ဖြစ်ကြပါသည်။

**မတ်လ ၀၁ ရက်မှ ၃၁ ရက်အထိ တစ်ပတ်အတွင်းရရှိသော သတင်းများအပေါ် အခြေခံထားပါသည်။**

## မတ်လအတွင်း ဖြစ်ပွားခဲ့သော တိုက်ပွဲများ

| | |
|---|---|
| ၆၆၇ ဦး | စစ်ကောင်စီတပ်သား သေဆုံး |
| ၂၇ ဦး | PDF ရဲဘော်များ ကျဆုံး |
| ၁၅၄ ကြိမ် | တိုက်ပွဲ အကြိမ်အရေအတွက် |

၂၀၂၅ ခုနှစ်၊ မတ်လ အတွင်းတွင် ဒရုန်းဖြင့်တိုက်ခိုက်မှုအပါအဝင် တိုက်ပွဲကြီးငယ်ပေါင်း ၁၅၄ ကြိမ် ဖြစ်ပွားခဲ့ပြီး ကရင်ပြည်နယ်တွင် တိုက်ပွဲအကြိမ်အရေအတွက် အများဆုံးဖြစ်ပြီး ၂၈ ကြိမ် ဖြစ်ပွားခဲ့သည်။ ပဲခူးတိုင်းတွင် တိုက်ပွဲ အကြိမ်အရေအတွက် ဒုတိယများဆုံးဖြစ်ပြီး ၂၅ ကြိမ် ဖြစ်ပွားခဲ့သည်။ စစ်ကိုင်းတိုင်းတွင် ၂၄ ကြိမ်၊ မန္တလေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ၁၅ ကြိမ်စီ၊ ဧရာဝတီတိုင်းတွင် ၁၂ ကြိမ်၊ မကွေးတိုင်းတွင် ၁၀ ကြိမ်၊ ရခိုင်ပြည်နယ်တွင် ၈ ကြိမ်၊ ချင်းပြည်နယ်တွင် ၇ ကြိမ်၊ ကချင်ပြည်နယ်တွင် ၅ ကြိမ်၊ မွန်ပြည်နယ်တွင် ၄ ကြိမ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတွင် ၁ ကြိမ်တို့ ဖြစ်ပါသည်။ ကရင်နီပြည်နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် တိုက်ပွဲဖြစ်ပွားခြင်း လုံးဝ မရှိပါ။

မတ်လအတွင်း တိုက်ပွဲများတွင် စစ်ကောင်စီတပ်သား ၆၆၇ ဦး သေဆုံးခဲ့သည်။ စစ်ကောင်စီတပ်သား သေဆုံးမှု အများဆုံးမှာ မန္တလေးတိုင်းဖြစ်ပြီး စစ်ကောင်စီတပ်သား ၁၇၄ ဦး သေဆုံးခဲ့သည်။ စစ်ကိုင်းတိုင်းတွင် ၁၁၃ ဦး၊ ပဲခူး တိုင်းတွင် ၁၀၈ ဦး၊ တနင်္သာရီတိုင်းတွင် ၈၇ ဦး၊ မကွေးတိုင်းတွင် ၄၁ ဦး၊ ဧရာဝတီတိုင်းနှင့် ရခိုင်ပြည်နယ်တို့တွင် ၄၀ ဦးစီ၊ ကရင်ပြည်နယ်တွင် ၂၉ ဦး၊ မွန်ပြည်နယ်တွင် ၂၀ ဦးနှင့် ရှမ်းပြည်နယ်တောင်ပိုင်းတွင် ၁၅ ဦးတို့ သေဆုံးခဲ့ပါသည်။

မတ်လအတွင်း တော်လှန်ရေးပူးပေါင်းတပ်ဖွဲ့ဝင် ၂၇ ဦး ကျဆုံးခဲ့သည်။

